Consumer Affairs Victoria

စာစောင် - ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ

# ဥပဒေသစ်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်ခြင်း

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် *၁၉၈၁ ခုနှစ် အသင်းအဖွဲ့များ ဥပဒေနှင့်အညီ ဖွဲ့စည်းခြင်းဆိုင်ရာ အက်ဥပဒေ (Associations Incorporation Act 1981)* ကို *၂၀၁၂ ခုနှစ် အသင်းအဖွဲ့များ ဥပဒေနှင့်အညီ ဖွဲ့စည်းခြင်းကို ပြင်ဆင်သည့် အက်ဥပဒေ (Associations Incorporation Reform Act 2012)* ဖြင့် အစားထိုးမည်ဖြစ်ပါသည်။ ဥပဒေသစ်တွင် အသင်းအဖွဲ့များမှ ဥပဒေသစ်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် 'အကူးအပြောင်းကာလ အစီအစဉ်များ' ကို ထည့်သွင်းထားပါသည်။ ၎င်းကို အောက်ဖက်တွင် လိုရင်းအနှစ်ချုပ် ဖော်ပြထားပါသည်။

## ဥပဒေနှင့်အညီ တည်ထောင်ထားသော အသင်းအဖွဲ့များ၏ အခြေအနေ

ဥပဒေဟောင်းနှင့်အညီ ဖွဲ့စည်းထားသော မည်သည့်အသင်းအဖွဲ့များမဆို ဥပဒေသစ်နှင့်အညီ  ဆက်လက်ပြီး တရားဝင် တည်ရှိပါမည်။ ဖွဲ့စည်းသောနေ့ရက်ကို မထိခိုက်သည့်အပြင် တည်ထောင်ဖွဲ့စည်းခြင်းဆိုင်ရာ ခွင့်ပြုလက်မှတ်သည်လည်း ဆက်လက်ပြီး တရားဝင် အတည်ဖြစ်နေပါမည်။

## ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များကို ဖော်ပြကြေငြာချက်

ဥပဒေသစ် စတင်ကျင့်သုံးသည်နှင့်တပြိုင်နက် အသင်းအဖွဲ့၏ ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များကို ဖော်ပြကြေငြာချက်အား စည်းမျဉ်းစည်းကမ်းများ၏ အစိတ်အပိုင်းအဖြစ် အလိုအလျောက် မှတ်ယူမည်ဖြစ်ပါသည်။

ဥပဒေသစ် စတင်ကျင့်သုံးသည့်နောက်ပိုင်း ဥပဒေနှင့်အညီ ပထမဆုံးအကြိမ်အဖြစ် ဖွဲ့စည်းမည့်အသင်းအဖွဲ့သည် ဖွဲ့စည်းရသည့် ရည်ရွယ်ချက် 'Statement of purpose' ပုံစံကို သီးခြားဖြည့်စွက်ရန် မလိုအပ်တော့သော်လည်း မိမိတို့ အဆိုပြုသည့် စည်းကမ်းသတ်မှတ်ချက်များတွင်သာ ထိုရည်ရွယ်ချက်များကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

အကယ်၍ အသင်းအဖွဲ့တစ်ခုသည် ဥပဒေသစ် စတင်ပြီးချိန်တွင် မိမိတို့၏ စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲလိုပါက မိမိတို့ ထိုသို့ပြောင်းလဲရခြင်း၏ ရည်ရွယ်ချက်များကို ထိုအဆိုပြုသည့် စည်းကမ်းအသစ်များတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပါသည်။

## စည်းကမ်းသတ်မှတ်ချက်များ

ဥပဒေသစ် ဇယား ၁ တွင် အသင်းအဖွဲ့တို့၏ စည်းကမ်းသတ်မှတ်ချက်များက မဖြစ်မနေ ဖြည့်ဆည်းပေးရန် လိုအပ်ချက်အသစ်များ ပါရှိရပါမည်။ ၎င်းတို့မှာ -

- အသင်းအဖွဲ့၏ အမည်နှင့် ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များ
- အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ
- နုတ်ထွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းခြင်း
- အတွင်းရေးမှူးခန့်အပ်ခြင်းနှင့် တာဝန်မှရပ်ဆိုင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
- အထွေထွေအစည်းအဝေးများနှင့် ကော်မီတီအစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစည်းအဝေးမှတ်တမ်းများ ထားရှိခြင်း
- အထွေထွေအစည်းအဝေးတွင် တင်ပြသော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအပါအဝင် အထွေထွေအစည်းအဝေးများ၏ အစည်းအဝေးမှတ်တမ်းများအား အဖွဲ့ဝင်များမှ ဖတ်ရှုနိုင်ရေးကို စီစဉ်ပေးရန်
- (စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားပါက) ကော်မီတီအစည်းအဝေးများ၏ အစည်းအဝေးမှတ်တမ်းများကို အဖွဲ့ဝင်များက ရယူဖတ်ရှုခွင့်ရှိရန်တို့ဖြစ်ကြသည်။

အသင်းအဖွဲ့သည် မိမိ၏ စည်းကမ်းသတ်မှတ်ချက်များကို အသုံးပြုသည်ဖြစ်စေ၊ သို့မဟုတ် စံနမူနာထားသည့် စည်းကမ်းသတ်မှတ်ချက်များကို အသုံးပြုသည်ဖြစ်စေ၊ ၎င်းတို့ကို ဥပဒေသစ်များနှင့်ညီအောင် အလျင်စလို ပြောင်းလဲရန်မလိုအပ်ပါ။

Consumer Affairs Victoria

**မိမိတို့၏ စည်းကမ်းသတ်မှတ်ချက်များကို အသုံးပြုသည့် အသင်းအဖွဲ့များ**

အကယ်၍ အသင်းအဖွဲ့သည် (စံနမူနာထားသော စည်းကမ်းသတ်မှတ်ချက်များမဟုတ်သည့်) **မိမိ၏ စည်းကမ်းသတ်မှတ်ချက်များ** ကို အသုံးပြုပါက လက်ရှိအသုံးပြုနေသော စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲပြင်ဆင်မှု မပြုမခြင်း ၎င်းတို့သည် အတည်ဖြစ် အကျုံးဝင်နေမည်ဖြစ်သည်။ အဖွဲ့ဝင်များက လက်ရှိအသုံးပြုနေသော စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်သည်နှင့်တပြိုင်နက် ထိုစည်းမျဉ်းစည်းကမ်းအသစ်များသည် ဇယား ၁ တွင်ဖေါ်ပြထားသည့် အချက်တိုင်းကို မဖြစ်မနေ ဖြည့်ဆည်းပေးရန် လိုအပ်သည်။ လက်ရှိအခြေအနေတွင် အသင်းအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေသစ်ပါ စည်းမျဉ်းစည်းကမ်းများအကြား ကွဲလွဲမှုရှိနေပါက ဥပဒေသစ်ပါ လိုအပ်ချက်များက အကျုံးဝင်၊ အတည်ဖြစ်မည်။

**စံနမူနာထားသော စည်းကမ်းသတ်မှတ်ချက်များကို အသုံးပြုသည့် အသင်းအဖွဲ့များ**

ဤအသင်းအဖွဲ့များသည် စံနမူနာထားသော စည်းကမ်းသတ်မှတ်ချက်အသစ်များကို မိမိတို့၏ ရည်ရွယ်ချက်များနှင့် ဆီလျော်မှု ရှိမရှိ ပြန်လည်ဆန်းစစ်သင့်ကြသည်။ အကယ်၍ ဤအသင်းအဖွဲ့များက ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာန (Consumer Affairs Victoria) ထံသို့ ဥပဒေသစ်များ စတင်ကျင့်သုံးချိန်မှ **၁၂ လ** အတွင်းတွင် မိမိတို့၏ စည်းမျဉ်းစည်းကမ်းများ အကြောင်း အသိပေးခြင်းမရှိခဲ့လျှင် ၎င်းတို့၏ လက်ရှိစည်းမျဉ်းစည်းကမ်းများကို စည်းမျဉ်းစည်းကမ်းအသစ်များနှင့် အလိုအလျောက် အစားထိုးသွားမည်ဖြစ်ပါသည်။

အကယ်၍ အသင်းအဖွဲ့က ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနသို့ အသိပေးပါက မိမိတို့သည် -

- စံနမူနာထားသော စည်းကမ်းသတ်မှတ်ချက်အသစ်များသို့ စောစီးစွာ ပြောင်းလဲနိုင်သည်၊
- မိမိတို့၏ စည်းကမ်းသတ်မှတ်ချက်များကို ဖန်တီးယူနိုင်သည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ consumer.vic.gov.au/forms တွင် စံနမူနာထားသော စည်းကမ်းသတ်မှတ်ချက် အသစ်များကို တွေ့ရှိနိုင်ပါသည်။

| |
|---|
| အသင်းအဖွဲ့၏ စည်းကမ်းသတ်မှတ်ချက်များ (မိမိတို့၏ စည်းကမ်းသတ်မှတ်ချက်များဖြစ်စေ၊ သို့မဟုတ် စံနမူနာထားသော စည်းကမ်းသတ်မှတ်ချက်များဖြစ်စေ) သည် ဇယား ၁ တွင်ပါသော လိုအပ်ချက်များကို မဖြစ်မနေ ဖြည့်ဆည်းရန် လိုအပ်သည်။ အကယ်၍ ၎င်းတို့က ဖြည့်ဆည်းခြင်းမပြုခဲ့လျှင် စံနမူနာထားသော စည်းကမ်းသတ်မှတ်ချက်များထဲမှ ထိုအချက်နှင့်သက်ဆိုင်သောစည်းကမ်းသည် အသင်းအဖွဲ့၏ စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်နေသည်ဟု မှတ်ယူမည်ဖြစ်သည်။ |

| |
|---|
| စည်းကမ်းသတ်မှတ်ချက်များ ပြောင်းလဲပြင်ဆင်နည်းအကြောင်း ပိုမိုသိလိုပါက **အသင်းအဖွဲ့၏ စည်းကမ်းသတ်မှတ်ချက်များ** (Association rules) စာစောင်တွင်ဖတ်ပါ။ |

## ပြည်သူ့ဝန်ထမ်းအရာရှိကို အတွင်းရေးမှူးဖြင့် အစားထိုးခြင်း

ဥပဒေသစ်အရ 'ပြည်သူ့ဝန်ထမ်းအရာရှိ' ဟူသော အသုံးအနှုန်းကို 'အတွင်းရေးမှူး' ဟူသော အသုံးအနှုန်းဖြင့် အစားထိုးသည်။

ဥပဒေဟောင်းအရ ပြည်သူ့ဝန်ထမ်းအရာရှိက မှန်ကန်ကြောင်းအတည်ပြုထားသော မည်သည့်စာရွက်စာတမ်းမဆို ထိခိုက်မှု မရှိပါ။

ဥပဒေသစ်များအား စတင်ကျင့်သုံးသည်နှင့်တစ်ပြိုင်နက် အတွင်းရေးမှူးသည် ပြည်သူ့ဝန်ထမ်းအရာရှိက စတင်လုပ်ဆောင်ခဲ့သော မည်သည့်လုပ်ငန်းကိုမဆို ဆက်လက်လုပ်ဆောင်သွားနိုင်သည်၊ သို့မဟုတ် အပြီးသတ်ဆောင်ရွက်နိုင်သည်။ အကယ်၍ အကြောင်း တစ်စုံတစ်ရာ အသိပေးထားခြင်းမရှိပါက ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနက ထိုပုဂ္ဂိုလ်များသည် တစ်ဦးတည်းသာဖြစ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

## ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ

ဥပဒေသစ်တွင် အလွှာသုံးလွှာပါ အစီရင်ခံခြင်း ဖွဲ့စည်းပုံစနစ်အသစ်ကို စတင်ကျင့်သုံးသွားမည်။ အသင်းအဖွဲ့ကို မိမိတို့လုပ်ငန်း၏ဝင်ငွေပေါ်မူတည်ပြီး အလွှာ တစ်၊ နှစ်၊ သုံး ဟု သတ်မှတ်မည်။ ဥပမာ -

- အလွှာ တစ် - ဒေါ်လာ ၀ မှ ဒေါ်လာ ၂၅၀,၀၀၀ အထိ
- အလွှာ နှစ် - ဒေါ်လာ ၂၅၀,၀၀၀ မှ ဒေါ်လာ ၁,၀၀၀,၀၀၀ အထိ
- အလွှာ သုံး - ဒေါ်လာ ၁,၀၀၀,၀၀၀ မှ အထက်

ဤစနစ်အသစ်သည် 'ပြဋ္ဌာန်းသတ်မှတ်ထားသော' ဖွဲ့စည်းပုံစနစ်နှင့် 'ပြဋ္ဌာန်းသတ်မှတ်မထားသော' ဖွဲ့စည်းပုံစနစ်တို့ကို အစားထိုးသည်။

ဥပဒေနှင့်အညီ တည်ထောင်ဖွဲ့စည်းထားသော အသင်းအဖွဲ့များသည် ဖွဲ့စည်းပုံစနစ်အသစ်ကို နားလည်ရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့ အစီရင်ခံခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များအပေါ် အကျိုးသက်ရောက်မှုရှိသဖြင့် မိမိတို့မည်သည့်အလွှာတွင် ပါရှိနေသည်ကိုသိရန် တွက်ချက်ကြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရန်အတွက် consumer.vic.gov.au/associations ကို ဖွင့်ဖတ်ပါ။

### ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများတင်ပြရန် ပုံစံအသစ်

နိုဝင်ဘာလ ၁ ရက်နေ့ သို့မဟုတ် ယင်း၏နောက်ပိုင်းတွင် ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနက အသင်းအဖွဲ့များထံ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်နေ့ရက်များပါဝင်သော နှစ်ချုပ် ရှင်းတမ်းပုံစံအသစ်ကို ပေးပို့မည်ဖြစ်ပါသည်။

| |
|---|
| ၂၀၁၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မတိုင်မီ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် အသင်းအဖွဲ့များသည် မိမိတို့၏ နှစ်ချုပ် ရှင်းတမ်းများကို ဤပုံစံအသစ်ဖြင့်၎င်း၊ သို့မဟုတ် 'ပြဋ္ဌာန်းသတ်မှတ်ထားသော/ပြဋ္ဌာန်းသတ်မှတ်မထားသော' ပုံစံအဟောင်းဖြင့်၎င်း ရွေးချယ် တင်ပြနိုင်ကြသည်။ အသေးစိတ်အချက်များကို ဆက်လက်ဖော်ပြမည့်အပိုင်းတွင်ကြည့်ပါ။ |

ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနသို့ နှစ်ချုပ် ရှင်းတမ်းများတင်ပြရန်အတွက် အတွင်းရေးမှူး (ယခင် ပြည်သူ့ဝန်ထမ်းအရာရှိ) ထံ၌ တာဝန်ရှိသည်။

ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနမှ နှစ်ချုပ် ဘဏ္ဍာရေး အစီရင်ခံစာပုံစံကို အသင်းအဖွဲ့များ၏ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရက်မတိုင်မီ တစ်လအလိုတွင် ပေးပို့မည့်အစား ယခုအခါ **တစ်လကျော်လွန်ပြီးမှ** ပေးပို့မည်ဖြစ်ပါသည်။ အသင်းအဖွဲ့များသည် မိမိတို့ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်နေ့ရက်မှ **ငါးလ**အတွင်း မိမိတို့၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ကျင်းပပြီး နှစ်ချုပ် အစီရင်ခံစာကို တင်သွင်းနိုင်ကြပါသည်။

| |
|---|
| နှစ်ချုပ် ရှင်းတမ်းများ ပြင်ဆင်ပုံနှင့် ပေးပို့နည်းအကြောင်း ပိုမိုသိလိုပါက **နှစ်ပတ်လည်နှင့် ဘဏ္ဍာရေးအစီရင်ခံစာ တင်ပြခြင်း** (**Annual cycle and financial reporting**) စာစောင်ကို ဖတ်ကြည့်ပါ။ |

### နှစ်ချုပ် ရှင်းတမ်းများတင်ပြရာတွင် ရွေးချယ်ရန် နည်းလမ်းများ

ဥပဒေဟောင်းနှင့်အညီ ဖွဲ့စည်းထားသော မည်သည့် အသင်းအဖွဲ့မဆို မိမိတို့၏ ဘဏ္ဍာရေး အစီရင်ခံစာများကို ဥပဒေဟောင်းနှင့် လျော်ညီစွာ တင်ပြရန် ရွေးချယ်နိုင်ကြသော်လည်း ၂၀၁၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ *မတိုင်မီ* ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက်သာလျှင် ထိုသို့တင်ပြနိုင်ကြသည်။

ဥပမာပြရလျှင်၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဘဏ္ဍာရေးနှစ်ရှိနေသော အသင်းအဖွဲ့သည် မိမိ၏ ဘဏ္ဍာရေး အစီရင်ခံစာကို အလွှာသတ်မှတ်သော ပုံစံအသစ်ဖြင့်၎င်း၊ သို့မဟုတ် 'ပြဋ္ဌာန်းသတ်မှတ်ထားသော / ပြဋ္ဌာန်းသတ်မှတ်မထားသော' ပုံစံအဟောင်းဖြင့်၎င်း ရွေးချယ်တင်ပြနိုင်ပါသည်။

၂၀၁၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ သို့မဟုတ် ထိုရက်နောက်ပိုင်းတွင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသော အသင်းအဖွဲ့သည် မိမိ၏ ဘဏ္ဍာရေး အစီရင်ခံစာများကို အလွှာစနစ်သစ်အရ တင်ပြရမည်ဖြစ်ပါသည်။

Consumer Affairs Victoria

အကယ်၍ အသင်းအဖွဲ့သည် မိမိ၏ ဘဏ္ဍာရေး အစီရင်ခံစာများကို 'ပြဋ္ဌာန်းသတ်မှတ်ထားသော/ပြဋ္ဌာန်းသတ်မှတ်မထားသော' ပုံစံကိုသုံးပြီး တင်ပြခဲ့လျှင် အတွင်းရေးမှူးဖြစ်သူက ထိုအသင်းအဖွဲ့သည် ၂၀၁၂ - ၂၀၁၃ ခုနှစ် အစီရင်ခံစာတင်ပြရမည့် တစ်နှစ်တာအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် ပြဋ္ဌာန်းသတ်မှတ်မထားသော ပုံစံဖြင့် တင်ပြမည်ဖြစ်ကြောင်း ဖေါ်ပြကာ ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနကို ဆက်သွယ်ပြီး လိုအပ်သောပုံစံ တောင်းယူရမည်ဖြစ်ပါသည်။

## ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များ

အကယ်၍ အသင်းအဖွဲ့သည် ဥပဒေဟောင်းအရ လျှောက်ထားတင်ပြခြင်းများပြုလုပ်ခဲ့ပြီး ၎င်းတို့သည် ဥပဒေသစ် စတင်မကျင့်သုံးမီ မပြီးပြတ်ခဲ့ပါက ၎င်းတို့ကို ဥပဒေသစ်ပါ သက်ဆိုင်ရာ အချက်အလက်များအတိုင်းလျှောက်ထားသည်ဟု မှတ်ယူစဉ်းစားမည်ဖြစ်သည်။

ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနသည် ဥပဒေဟောင်းအရ လျှောက်ထားတင်ပြခြင်း အများစုကို နောက်ထပ် အချက်အလက်များ ထပ်မံမလိုအပ်ဘဲ စိစစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း နောက်ထပ် အချက်အလက်များ လိုအပ်လာလျှင် ထိုအသင်းအဖွဲ့ထံ ကျွန်ုပ်တို့က အကြောင်းကြားပါမည်။

ဥပဒေဟောင်းအရ ပြုလုပ်သော မည်သည့် ဆုံးဖြတ်ချက်များ၊ ရာထူးခန့်အပ်ခြင်းများ၊ တာဝန်ပေးအပ်ခြင်းများ၊ သို့မဟုတ် နို့တစ်စာပေးခြင်းများမဆို ဥပဒေသစ်အရ တရားဝင်သည်၊ အကျုံးဝင်သည်ဟု မှတ်ယူမည်။

ဥပဒေဟောင်းအရ ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာန၏ မည်သည့် ဆောင်ရွက်မှုကိုမဆို ဥပဒေသစ်အရ ဆောင်ရွက်သည်ဟု မှတ်ယူမည်။

## အချက်အလက်များ ပိုမိုသိလိုပါသလား ?

### ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာန

ဗစ်တိုးရီးယားပြည်နယ် ဝန်ဆောင်မှုယူသူများဆိုင်ရာဌာနသည် ဗစ်တိုးရီးယားပြည်နယ်အတွင်း ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အသင်းအဖွဲ့များကို မှတ်ပုံတင်ခြင်းနှင့် စည်းကမ်းများ သတ်မှတ်ထိန်းသိမ်းခြင်းပြုပြီး အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ စီမံခန့်ခွဲပါသည်။

ဝက်ဘ်ဆိုက် - consumer.vic.gov.au/associations

တယ်လီဖုန်း - ၁၃၀၀ ၅၅ ၈၁ ၈၁

### PilchConnect

PilchConnect ဆိုသည်မှာ လူမျိုးစုအဖွဲ့အစည်းများကို ဥပဒေရေးရာ၌ အထူးကျွမ်းကျင်သော ဝန်ဆောင်မှုများနှင့် အကြံဉာဏ်များ ပေးသည့် သီးခြားလွတ်လပ်မှုရှိပြီး အမြတ်အစွန်းမယူသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ဝက်ဘ်ဆိုက် - pilchconnect.org.au

တယ်လီဖုန်း - ၀၃ ၈၆၃၆ ၄၄၀၀